မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand, Tel: Fax (66) (055): 542 910
E-mail: mainoffice@blc-burma.org     Website: www. blc-burma.org

## နအဖ၏ ကြေညာချက်အမှတ် ( ၁/၂၀၀၆ ) သည် တရားမဝင်ကြောင်း ဥပဒေရှုထောင့်မှ သုံးသပ်ထုတ်ပြန်ခြင်း

( ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၅ ရက် )

၂၀၀၆ ခုနှစ်၊ ဧပြီလ ( ၁၂ ) ရက်နေ့တွင် နအဖ၏ ပြည်ထဲရေးဝန်ကြီးဌာနမှ ကြေညာချက်အမှတ် ( ၁/၂၀၀၆ ) ကို ထုတ်ပြန်ပြီး အဖွဲ့အစည်းအချို့နှင့် လူပုဂ္ဂိုလ်အချို့အား အကြမ်းဖက်သူများအဖြစ် ကြေညာခဲ့သည်။ ၂၀၀၅ ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ရန်ကုန်မြို့၌ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲမှုကြီးအပါအဝင် အကြမ်းဖက်ဖောက်ခွဲမှုကြီးများကို ဖော်ထုတ်ပြီး ပြစ်မှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီ အမှန်တကယ်အရေးယူနိုင်မည်ဆိုပါက သေဆုံး၊ ဒဏ်ရာရ ဘဝနစ်နာပျက်စီးရသူများအတွက် တရားမျှတမှုကို ရှာဖွေပေးနိုင်မည်သာမက အလားတူပြစ်မှုမျိုး ထပ်မံကျူးလွန်ခြင်းမရှိစေရန် ကာကွယ်ပေးရာရောက်သဖြင့် တတိုင်းပြည်လုံးအတွက်ပါ အကျိုးရှိနိုင်သဖြင့် ကြိုဆိုရမည့်မှုချဖြစ်သည်။ သို့ရာတွင် ယခု နအဖကြေညာချက်မှာ ယင်းအခြေခံသဘောနှင့် ဆန့်ကျင်လျက်ရှိကြောင်း အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရသည်။

( ၁ ) အကြမ်းဖက်သူများ ( **Terrorists** ) ဖြစ်ကြောင်း ကြေညာသည့်လုပ်ဆောင်ချက်မှာ မြန်မာနိုင်ငံ၏ လက်ရှိတည်ဆဲမည်သည့်ဥပဒေနှင့်မျှ အကြုံးဝင်ခြင်းမရှိသဖြင့် တရားမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၌ အကြမ်းဖက်သူများ **(Terrorists)** ဆိုင်ရာ ဥပဒေတရပ်ရပ်ကို ပြဋ္ဌာန်းထားခဲ့ခြင်းလည်းမရှိသေး။ အခြားပြစ်မှုဆိုင်ရာ ဥပဒေများတွင်လည်း အစိုးရအနေဖြင့် ယင်းသို့ ကြေညာနိုင်ကြောင်း ဖော်ပြထားခြင်း လုံးဝမရှိသောကြောင့်ဖြစ်ပါသည်။

( ၂ ) ပြစ်မှုကျူးလွန်သူများအဖြစ် သံသယရှိပါက တရားရုံးက တရားလိုဘက်ကို စနစ်တကျ အမှုစွဲဆိုခွင့်၊ တရားခံဘက်ကို ရှေ့နေငှားရမ်းထုချေခွင့်အပါအဝင် လိုအပ်သော အခွင့်အရေးများ အပြည့်အဝပေးစေပြီး၊ အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာရပါမည်။ ထို့အပြင် ဤသို့သော အရေးကြီးသည့်အမှုကြီးများ၌ နိုင်ငံတကာမှ တရားခွင်လေ့လာသူပညာရှင်များ **(Trial Observers)** ကို တက်ရောက်လေ့လာခွင့်ပေးကာ စစ်ဆေးစေပြီးမှ မူလရုံးနှင့် အယူခံတရားရုံးအဆင့်ဆင့်များက စွပ်စွဲခံရသူများသည် ပြစ်မှုကျူးလွန်ကြကြောင်းဖြင့် စီရင်ဆုံးဖြတ်ချက်များရှိရပါမည်။ ယင်းသို့ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ထုတ်ပြန်သော ကြေညာချက်လည်းမဟုတ်သဖြင့် တရားမဝင်ပါ။

( ၃ ) နအဖ၏ ယင်းကြေညာချက်တခုလုံးတွင် ဖော်ပြပါရှိသော အချက်အလက်များမှာ သက်သေခံဥပဒေအရ တရားရုံးများ၌ တရားဝင်သက်သေခံချက်အဖြစ် လက်ခံ၍မရသော ရဲရှေ့အစစ်ခံချက်များ **(Statement before the police)** ကို အခြေခံ၍ ထုတ်ပြန်ထားကြောင်းတွေ့ရသည်။ အစိုးရတာဝန် အတင်းအကြပ်ယူထားသော နအဖအနေဖြင့် ရဲလုပ်ရမည့်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နေခြင်းမှာ ဥပဒေနှင့်မညီရုံသာမက အစိုးရတရပ်အနေဖြင့် လုပ်ဆောင်ခွင့်မရှိသော လုပ်ငန်းလည်းဖြစ်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် စွပ်စွဲခံရသူများအပေါ် ကြိုတင်ပြစ်ဒဏ်ချမှတ်ရန် အတင်းအကြပ်ဖိအားပေးရာရောက်သောကြောင့် လူ့အဖွဲ့အစည်းအတွက် လိုအပ်သောတရားမျှတမှုအခြေခံကိုပါ ဖျက်ဆီးလိုက်ရာရောက်ပါသည်။

ပိုမိုသိရှိလိုပါလျှင် – ဦးအောင်ထူး၊ အထွေထွေအတွင်းရေးမှူး ( ၆၆–၁– ၅၃၃ ၀၆၀၅ ) ထံ ဆက်သွယ်ပါရန်။